ဝန်ဂရင်း
Read on the move

# သီတာရေစင်ပမာ

ချစ်နိုင်(စိတ်ပညာ)



# စာရေးသူ၏ အမှာစာ

လွန်ခဲ့သော ၁၈ နှစ်ကသောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်းသို့ စာရေးသူသည် ဆောင်းပါးများ အဆက်မပြတ် ရေးသားပေးပို့ခဲ့ရာရွေးချယ်ဖော်ပြခြင်းခံခဲ့ရပါသည်။ စာတည်းမှူးချုပ် သော်တာဆွေ၊ စာတည်းမှူးငွေမောင်း၊ တာဝန်ခံစာတည်း ရွှေတည်ရန်နောင် တို့အား ချစ်နိုင် (စိတ်ပညာ) အမည်ရှိသောကလောင်သစ်တစ်ချောင်းကိုမွေးဖွားပေးခြင်းအတွက် ကျေးဇူးအထူးတင်ပါသည်။ လေးငါးပုဒ်မျှ အဆက်မပြတ် ဖော်ပြခံရပြီးနောက်တွင် ဆရာရွှေတည်ရန်နောင်က ပင်တိုင် ခေါင်းစီး တစ်ခု အမည် ရွေးချယ်၍ ပေးရန် တောင်းပါသည်။ ဒေါက်တာမတင်ဝင်းက "ဘဂသောင်းပြောင်း သမိုင်းကြောင်း" ဟူသောကဏ္ဍကိုဖွင့်လှစ်ရေးသား၏ ။ ကျွန်တော်က "ချစ်လို့ ပြောတာမှတ်ပါ" ဟု ပင်တိုင်ခေါင်းစီးအမည်ပေး၍ ရေးလေ၏ ။ ဆယ်ရှစ်နှစ်ခန့် ကြာခဲ့ပြီကော။

"ချစ်လို့ပြောတာမှတ်ပါ" ဟူသောပင်တိုင်ခေါင်းစီးဖြင့်ပင် အပျိုမမဂ္ဂဇင်းမှာလည်းရေးခဲ့ ဖူး၏ ။ ကလျာ၊ ကြီးပွားရေး၊ ဂန္ထဝင်၊ ရန်နံ့သစ်၊ ပို့ဆောင်ရေး၊ ပဲခူးတိုင်းအမျိုးသမီးရေးရာ၊ နိုင်ငံ့ဂုဏ်ရည်၊ ရုပ်ရှင်အောင်လံ၊ ပြည်မြန်မာ၊ အချစ်၊ မြက်ခင်းသစ် အစရှိသည့် မဂ္ဂဇင်း၊ ဂျာနယ် အမျိုးမျိုးတွင် ချစ်သမီးမေလေးသို့ ပေးစာပုံစံဖြင့် အခါအားလျော်စွာရေးခဲ့ပါသေး၏ ။ ထုတ်ဝေခဲ့သမျှ ဆောင်းပါးချုပ်ပေးစာပင်လျှင် လေးအုပ်ရှိခဲ့ပါချေပြီ။

၁။ ချစ်လို့ပြောတာမှတ်ပါ ၁၂-ကြိမ်ရိုက်

၂။ ချစ်လို့ပြောတာမှတ်ပါ-၂ ၂-ကြိမ်ရိုက်

၃။ ထိပ်ဆုံးဆီသို့

၄။ လူတိုင်း၏ ခေါင်းပေါ်တွင် ကောင်းကင်ရှိသည်

ယခုဤစာအုပ်သည် ချစ်လို့ပြောတာမှတ်ပါ(၅)ဟုခေါ်နိုင်ပါသည်။ ဖြူစင်မေတ္တာဖြင့် ဘကြီး ဦးကြီးတစ်ဦးကချစ်လှစွာသောတူမလေးတစ်ယောက်ကို ရင်းနှီးချစ်ခင်စွာရေးသော ပေးစာ များ ဖြစ်ပါသည်။ ရေးသူ၏ အတွေ့အကြုံနှင့် အတွေးအမြင်များလည်းပါပါသည်။ အနာဂတ်ကာလ ကို လှပသာယာအောင်ထူထောင်စေလိုသောတိုက်တွန်းချက်များလည်း ပါဝင်ပါ၏ ။ စိတ်အားတက်ကြွ ထက်သန်စေရန် အားပေးချက်များလည်းပါ၏ ။ သိစရာ၊ မြင်စရာ၊ သတိပြုဆင်ခြင်စရာများကိုလည်း ဖော်ပြထားပါသည်။

အကြိမ်ကြိမ် အထပ်ထပ် ဖတ်ရှုအားပေးတော်မူကြသော စာဖတ်ပရိတ်သတ်အား ဤနေရာ မှ ကျေးဇူးစကားဆိုပါ၏ ။ စာဖတ်သူတို့၏ အားပေးမှုဖြင့် စာရေးသူသည် ရပ်တည်ရှင်သန်ရပါသည်။ ကျေးဇူးဆပ်သောအားဖြင့် အရည်အချင်းတိုးမြှင့်၍ ပိုမိုအလုပ်အကျွေးပြုရန် ကြိုးစား အားထုတ် ပါသည်။

**လေးစားချစ်ခင်စွာသော**

**ချစ်နိုင်(စိတ်ပညာ)**

**၆-၈-၀၂**

*

# သီတာရေစင်ပမာ

ချစ်သမီးမေလေး

ရွှင်လန်းချမ်းမြေ့ပါစေ

သူတစ်ပါး၏ ကျေးဇူးကိုသိဖို့ရန် ခက်တယ်တဲ့။ လူဆိုတာကိုယ်ကလည်းသူများကိုကူညီဖူးတယ်။ သူတစ်ပါးကလည်းမိမိကိုကူညီခဲ့ဖူးတယ်။ သူ့အတွက် ကိုယ်ကအနစ်နာခံခဲ့တာလည်းရှိ။ မိမိကသူ့ကိုကျေးဇူးပြုပေးဖူးတာလည်းရှိ၊ ဥပမာပစ္စည်းတစ်စုံတစ်ခုပေးဖူးတာမျိုး၊ သူကမိမိကိုကျေးဇူးပြုပေးတာလည်းရှိ။ ပမာအားဖြင့်သူကတစ်လ၊ တစ်နှစ် ထမင်းကျွေးထားတာမျိုး။ ကျေးဇူးကိုသိဖို့ခက်ရုံသာမကသေးဘူး။ ကျေးဇူးကိုထုတ်ဖော်ဖို့ရာပို၍ ခက်သတဲ့။

ကျေးဇူးရှိကြောင်းသိတော့သိပါရဲ့၊ ဒါပေမယ့် ကျေးဇူးရှိခဲ့ဖူးတယ်လို့ နှုတ်ကဖွင့်ဟဝန်ခံဖို့ ရာတော့ လူတွေ ဝန်လေးတတ်သတဲ့။ ကျေးဇူးတင်ပါတယ်လို့ ပါးစပ်ဖျားလေးကပြောရတာ လွယ် ပေမယ့် လူတကာဗိုလ်ပုံအလယ်မှာထိုသူူကမိမိကိုဘယ်တုန်းကဘယ်လို၊ ဘယ်လောက် ထိအောင် ကျေးဇူး ပြုခဲ့ဖူးပါတယ်လို့ ထုတ်ဖော်ဖို့ရကျတော့ ခက်ခဲတတ်သတဲ့ဗျာ။

တချို့ဟာကျေးဇူးကိုသိကြပါရဲ့၊ ကျေးဇူးရှိတာကိုလည်းထုတ်ဖော်ကြပါသတဲ့။ သို့ရာတွင် ကျေးဇူးကိုတုန့်ပြန်ပေးဆပ်ဖို့ရာကတော့ အခက်ဆုံးပါပဲ။ တော်တော်ခက်ခဲ့တဲ့ အလုပ်မျိုးပါပဲတဲ့။ အလွန်တရာစိတ်ထဲမှာစွဲစွဲနစ်နစ် ကျေးဇူးသိတတ်သူမျိုးရှာမှ

ရှားတဲ့ လူစားသာလျှင် ကျေးဇူးကို ဆပ်တတ်ပါသတဲ့။

ကျေးဇူးမသိတတ်ကြတာဟာလူများတကာရဲ့ ယေဘုယျ သဘာဝလက္ခဏာပဲ ။ ခက်ခဲတယ်ဆိုသကိုး။

ကျေးဇူးကိုမထုတ်ဖော်တတ်ကြတာလည်းဘာများဆန်းမှာလဲ။ ပိုမိုခက်ခဲတဲ့အပြုအမူမျိုးတဲ့။

ကျေးဇူးမဆပ်ကြတာကိုတော့ ပြောမနေနဲ့တော့ပေ့ါ။ သူသူငါငါ ပေးဆပ်ရကောင်းမှန်းမသိကြပါ။

ကျေးဇူးမကန်းရင် တော်လှပြီ။

ကျေးကွင်းစွပ်တတ်တဲ့ လူမိုက် လူယုတ်မာများနဲ့တောင် တွေ့ရတတ်ပေသေး။ သတိသာထားကြပေရော့။

ဦးဦးကလိမ္မာလှလိုတော့ မဟုတ်ဘူးမေလေးရေ၊ အသက်ဆယ်နှစ်ကျော်ကျော်ကတည်း က စာဖတ်ဝါသနာပါတော့ အဖေအမေရဲ့ ကျေးဇူးဂုဏ်ကိုစာထဲပေထဲကသိရတယ်။ အထူးသဖြင့် ဗိမ္ဗိသာရမင်းကြီးနဲ့ သားတော် အဇာတသတ်တို့ရဲ့ ဇာတ်ထုတ်ဟာမိဘရဲ့ ကြီးမားတဲ့ မေတ္တာကိုထင်ရှားစေတယ် မဟုတ်လား။ ဘာသာရေးကိုင်းရှိုင်းလို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် အဖေနဲ့ အမေတို့ဟာသားကြီးကိုငယ်ငယ်ကတည်းကအမြတ်တနိုးချစ်ခင်အားကိုးရှာတယ်။ ဦးဦးအထက်ကမွေးခဲ့သမျှ ကလေးသုံးယောက်စလုံးကငယ်ငယ်နဲ့ပျက်စီး(ကွယ်လွန်) သွားကြရှာတော့ ဦးဦးကိုမွေးစကပင် ဖူးဖူးမှုတ် ဂရုစိုက်ယုယ ကြင်နာခဲ့ကြတယ်။

ငယ်စဉ်ကလေးဘဝ အလိုလိုက်ခံခဲ့ရတယ်။ ဘာမဆိုလိုတာရခဲ့တယ်ဆိုတာမှတ်မိနေတယ်။ အဖေအမေကို နှစ်ခါ ပူဆာစရာမလိုဘူး။ ငိုပြီးတောင်းဆိုရတာ တစ်ခါမျှ မရှိခဲ့ဘူး ။ ကြိုက်ရာကိုစား။ ကြိုက်သလောက်စား။ အိပ်ချင်ရာအိပ် ၊ ကစားချင်ရာကစား၊ လိုရာဆန္ဒပြည့်ဝရ။

တောင်သူတွေနဲ့ ရေနံမြေအလုပ်သမားတွေနေတဲ့ရွာ။ တောင်သူယာသမားထဲမှာလူချမ်းသာရှိသုံးလေးဦးပေါ့။ ရေနံမြေအလုပ်သမားထဲကအလုပ်သမားငါးဆယ်တစ်ရာကိုအုပ်စီးရတဲ့ အလုပ်သမားခေါင်းဟာရွာမှာငွေရှင်တဲ့ လူပေါ့။ တစ်ယောက်နှစ်ယောက်ပါ။ ပညာမတတ်တော့ အရက်သောက်၊ ဖဲရိုက်နဲ့ ရရကုန်ကုန်ပါပဲ ။ တစ်ခါတစ်ရံတော့ အသံချဲ့စက်ငှားဖွင့်ပြီးမုန့်ဟင်းခါးကျွေး ဘုရားကိုးဆူဆွမ်းကပ်လှူတာမျိုးအလှူအတန်းလည်းလုပ်ပါတယ်။

ရှိတတ်ပါတယ်။ အိမ်ခြေသုံးရာလောက်မှာချမ်းသာ ပြည့်စုံတာဆယ်အိမ်လောက်ပေါ့။

ဟောဒီတောရွာလေးမှာတော့ အလယ်တန်းပြကျောင်းဆရာနဲ့ သူရဲ့မိသားစုဟာမချမ်းသာပေမဲ့ မဆင်းရဲခဲ့ပါဘူး။ မိဘအမွေ ယာလေးထန်းလေးအနည်းငယ်ကယာသီးယာစားလေးနဲ့ ၊ ပဲလေးနှမ်းလေးရတော့ မဆိုးပါဘူး။ နေနိုင် စားနိုင် အဆင့်ပေါ့။

သွပ်မိုး၊ ပျဉ်ခင်း၊ ထရံကာ ၊ လေးပင်အိမ်လေးနှစ်ထပ်နဲ့ အိမ်ရှေ့မှာထန်းရွက်တဲ့ စင်ကြီးနဲ့ ရွာလယ်ပိုင်းလောက်မှာကျေးရွာထဲရှိအဆင့်အတန်းအရ လူရာဝင်ခဲ့ကြတယ် ဆိုကြပါစို့။ ကျောင်းနေအရွယ် ငယ်ငယ်ကတည်းက ကြိုးစားလှချည်ရဲ့ မဟုတ်ပေမယ့် ညံ့တဲ့အထဲမှာမပါ။ အတန်းတိုင်းမှာပ၊ဒု၊တတော့ တစ်ခုခုချိတ်ခဲ့တာပဲ။ မိမိတော်လို့တော့ မဟုတ်လှပါ။ အနှစ်မရှိတဲ့ တောမို့ ကြက်ဆူပင် မင်းမူနေတာပါ။
စာတော်ပုံရတယ်ဆိုပြီးဆရာဆရာမတွေကချစ်ကြပါတယ် ဆရာဆရာမကအတန်းထဲမှာအာရုံစိုက်တာခံရတယ် ဆိုတော့ အထိုက်အလျောက် ကြိုးစားရပြန် ရော။ ကျောင်းဆရာရဲ့ သားအကြီးဆုံးဆိုတော့ တခြားဆရာဆရာမတွေကအဖေ့ကိုသားအခြေအနေသားအကြောင်းတော့

ပြောပြမှာပေါ့ ။ တော်ရင်တောင်ကြောင်း၊ ညံ့ရင်ညံ့ကြောင်း၊ အဲသည်လိုအပြောအဆိုခံရမှာသိနေတော့ မိမိအဖို့ အတန်အသင့် စာကျက်ရပြန်ပါရော။

တောကျောင်းမှတော့ ရှေ့ဆုံးပိုင်းလောက်ကရှိခဲ့ရတာ ပေါ့လေ။ ကြွားစရာမရှိ ကြံဖန်ကြွား တယ်ဆိုလည်း ခံဖို့ပါပဲ။ ဒီလိုနဲ့ အလယ်တန်းအောင်၊ ချောက်မြို့အထက်တန်းကျောင်းမှာ တက် ၊ ဆယ်တန်းအောင် ၊ မန္တလေးတက္ကသိုလ်တက်၊ စိတ်ပညာ အဓိက ဝိဇ္ဇာဘာသာယူ ၊ လေးနှစ်ကြာ ပညာဆည်းပူး။

လေးနှစ်၊ မန္တလေးမှာ လေးနှစ်ကြာ။

ပညာဆည်းပူးတဲ့ လေးနှစ်ကာလအတွင်းမှာ လစာ ၂၈၄ ကျပ်ရတဲ့ အလယ်တန်းပြ ကျောင်းဆရာတစ်ယောက်ရဲ့ မိသားစုမှာ သားကြီးကို တက္ကသိုလ်သို့ လစဉ်လစဉ် ၁၀၀-၁၂၀ ကျပ် စာတိုက်က ပို့ပြီး ရွာအိမ်မှာ အဖေရယ်၊ အမေရယ်၊ ညီလေးနှစ်ယောက်တို့ဟာ ကျန်တဲ့ငွေ ၁၆၄ ကျပ်နဲ့ ဘယ်လိုများ နေခဲ့စားခဲ့ကြလေမလဲ။ လေးနှစ်တိတိ ၊ စဉ်းစားသာကြည့်။

အမေရဲ့ဆွဲကြိုးလေးမရှိတော့။။

အမေရဲ့ ကြာဆစ်လက်ကောက်တစ်ရံဟာလည်း ပျောက်ပျက်သွားခဲ့ပြီ။ ထုခွဲရရှာမှာလေ။

အမေရဲ့ ကျောက်လက်စွပ်ကလေးလည်း ဘယ်ရောက်လေသလဲမသိ။

အဖေနဲ့ အမေဟာ သူတို့လေးယောက်သား မရှိရှိတာနဲ့ နေပြီး မဖြစ်ဖြစ်တာကို စားရလို့ ဆင်းရဲချို့တဲ့တာကို သားကြီးမသိစေရ။ တစ်ခါမျှ မညည်းညူခဲ့ဖူးဘူး။ မငြိုငြင်ခဲ့ပါဘူး။ ကျေကျေ နပ်နပ် အနစ်နာခံ အဆင်းရဲခံကြတာပါ။

တစ်နေ့မှာ မန္တလေးတက္ကသိုလ်က နောက်ဆုံးနှစ်မှာ ကျောင်းကို အရေးပေါ်ပိတ်လို့ သတ်မှတ်တဲ့ ကျောင်းပိတ်ရက်မဟုတ်ဘဲ ရုတ်တရက် အိမ်ပြန်လာရပါတယ်။ ညနေစောင်းချိန်၊ ညနေစာ မိသားစု လေးယောက် ထမင်းစားနေကြစဉ် မမျှော်လင့်ဘဲ ဦးဦးက အိမ်ထဲ ရောက်ချလာ တယ်။ သား ဝင်လာတာ မြင်တော့

ဟာ အဖေရော အမေရော အံ့သြလို့။

ညီလေးနှစ်ယောက်က အစ်ကိုကြီးပါ တစ်ခါတည်း ထမင်းစားပါလို့ ဇလုံချပေးတယ်။

ထမင်းတော့ မဟုတ်ပါ။

ပြောင်းဖူးစေ့ထောင်းနဲ့ နှမ်းဖတ်ကို ရောမွှေကျိုထားတဲ့ ဆန်ပြုတ်လိုလို အိပျော့ပြဲ။ အလို အဖေနဲ့ အမေဟာ ဆန်တောင် မစားနိုင်ကြတော့တဲ့ဘဂ ။ ဆန်ကွဲတောင် မစားရတော့တဲ့ အခြေ အနေ။ ဖြစ်မှ ဖြစ်ရလေ ။ ဒီအခြေအနေကို ငါမသိခဲ့ပါလား။ ရင်နာလိုက်တာ မျက်ရည်ဝဲမတတ် ပါဘဲ။ အဖေနဲ့ အမေက မျက်နှာ ပျက်နေရဲ့။

"သားအမောဖြေရင်းခဏစောင်လေတဲ့။ ဆန်သွားဝယ်ပြီးသားစားဖို့ ချက်ပေးမှာပေ့ါ" တဲ့ အမေ ထမင်းဝိုင်းက ထလာတယ်။

နေပါအမေ၊ ရပါတယ်အမေ၊ သားအတူတူဝင်စားမှာပေ့ါလို့ ၊ ဝင်စားပေမယ့် ကြမ်းထော် လှတဲ့ ပြောင်းဖူးစေ့နဲ့ သဲရှပ်ရှပ်ဖြစ်နေတဲ့ နှမ်းဖတ်ကိုမျိုချရခက်ခဲလိုက်တာ၊ လည်ချောင်းဂမှာ နင်နေရဲ့။

မန္တလေးတက္ကသိုလ်
ရွှေပြည်အေးအဆောင်မှာထမင်းဟင်းကအကောင်းကြီးတော့ မဟုတ်လှပါ။ ဒါပေမဲ့ ဆန်တော့ စားရသေးတာပဲ ။ အညံ့ဆုံးဟင်းကဘဲဥနှစ်လုံးတော့ ပါတာပေ့ါ။

ကြက်သား၊ ဝက်သား၊ ငါး၊ ဆိတ်သားစသည်ဖြင့် ထမင်းအနပ်တိုင်းမှာအသားဟင်းတော့ ပါနေကျပေါ့။ အသားမစားရင် ရွှေခေါင်းပြောင် ဘဲဥတော့ ပါသေးတယ်လေ။

အဖေနဲ့အမေအနေအစားဆင်းရဲပင်ပန်းလွန်းလှပါတယ်။ ငါတက္ကသိုလ်မတက်တော့ဘဲကျောင်းထွက်ပြီးအလုပ်လုပ်ရကောင်းလေမလား ။ စဉ်းစားမိပါရဲ့။ အဖေကရိပ်မိတယ်။

"သားဘာမှ စိတ်ကူးမထွေပြားနဲ့။ တို့ရွာကတက္ကသိုလ်ကိုပို့နိုင်တာဆိုလို့ အသောင်းရယ်၊ မောင်ကောင်းရယ်၊ ကိုတင်ထွန်းရယ် ၊ ပေါ်အေးရယ်၊ မင်းရယ် ငါးယောက်ပဲရှိတာ။ မိစုံဖစုံမရှိတော့ တဲ့လူ ၊ မိထွေးနဲ့နေရတဲ့သူ ၊ သူတို့ ကိုတောင် တက္ကသိုလ် ကောလိပ်သို့ ဖြစ်အောင် နွားပေါင်၊ ယာပေါင်နဲ့ ပို့ဖြစ်အောင် ပို့နေသေးတယ်ကွယ်၊ သားကြီးကိုအဖေတို့ မပို့ဘဲဘယ်နေမလဲ။ ဆင်းရဲတာခဏပါကွယ်။ ငါတို့ တစ်အိမ်သားလုံး ဖြစ်သလို ဖြတ်ကျော်နိုင်ပါတယ်။ သားစိတ်အနှောင့်အယှက် မဖြစ်ပါနဲ့ " လို့ ပြောတယ်။ သီတာရေစင်ပမာ ကြည်လင်တဲ့ မေတ္တာ ။

ဩော် မိဘဆိုတာသားသမီးကောင်းစားတိုးတက်မယ် ဆိုရင် ဘယ်လိုဆင်းရဲပင်ပန်းတဲ့ ဒဏ်မျိုးကိုပဲ ဖြစ်ဖြစ် စိတ်မညစ်ဘဲခံနိုင်ကြရှာတယ်။ ကြည့်ပါဦး၊ သားသမီးဆီကဘာမှ မလိုချင်ဘူး။ သားသမီးတို့ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးချင်တာ ၊ ဖြည့်စွမ်းပေးလိုတာ ။ ဒါနဲ့ပဲ ကြည်နူးကျေနပ်တာ။

အဖေနဲ့ အမေတို့ဟာသားအတွက် လေးနှစ်လုံးလုံးအဆင်းရဲခံပြီးတက္ကသိုလ်ပညာဆည်းပူးနိုင်အောင် မညည်းမညူ ရုန်းကန် ဖြတ်သန်းခဲ့ရရှာတာ ။ အနေဆင်းရဲအစားဆင်းရဲ ခြိုးခြံ ချွေတာခဲ့ကြရှာတာ ပါ။

သား ချစ်တဲ့ ဖေဖေ ၊ သားချစ်တဲ့ မေမေ၊ ကျောင်းက ဘွဲ့ရလို့ ဘ ဂ

အလုပ်ခွင်မှာ ဂမ်းစာ ရှာဖွေလုပ်ကိုင်ရပြီဆိုတဲ့နေ့၊ ပထမဦးဆုံးရတဲ့ ဒုဗိုလ်လစာ ၃၂၀ ကျပ်မှ စ၍ အဖေကွယ်လွန်တဲ့ အထိ၊ အမေကွယ်လွန်တဲ့ အထိ၊ ပြုစုလုပ်ကျွေး၊ ထောက်ပံ့ပေးခဲ့တယ်။ အနီးကပ် မပြုစုနိုင်ပေမဲ့ အေဂဲးက ပူဇော်ကန်တော့ခဲ့ပါတယ်။ ကျေးဇူးဆပ်ခွင့်ရသမျှ ။ အခြေအနေ ပေးသမျှ။

သား လူဖြစ်လာရတာ ဟာ အဖေနဲ့ အမေက အဲသည်လို အဆင်းရဲခံ အငတ်မွတ်ခံပြီး ပညာ အမွေပေးခဲ့လို့သာ မဟုတ်ပါလား။ တက္ကသိုလ်ပညာ သင်ယူခွင့်ရခဲ့လို့သာ လူရာဝင်ခြင်း မဟုတ် ပါလား။

သားတို့ သမီးတို့အတွက် အဆင်းရဲ အပင်ပန်းခံရမယ်ဆိုရင် ဦးဦးဟာလည်း မီးပုံထဲဆင်း ချင်ဆင်းရပါစေလေ။ သားတို့ သမီးတို့ ကောင်းစားရေးများအတွက် ဘာပဲလုပ်ရ လုပ်ရ ဝန်မလေး ပါဘူး။

ယခုအခါ မိမိဟာ မိဘနေရာက အနစ်နာခံပေးရမယ့် အလှည့်ကို ရောက်ရှိလာခဲ့ပြီ။ မိဘ ပီသရမည် ။ မိဘရဲ့ ကြီးမားတဲ့ ချစ်ခြင်းမေတ္တာ ဦးဦးရဲ့ ရင်ထဲမှာ ခံစားနားလည်ရပြီ။ ဖွဲ့တည်ခဲ့ပြီ။

မိဘ၏ မေတ္တာအကြောင်းမှာ ရေးဖွဲ့လို့ မကုန်နိုင်အောင် များပြားလှပါတယ် မေလေးရယ်။ ရေးလို့ မဆုံးနိုင်အောင် ကြီးမားကြပါတယ်ကွယ်။ သမီးမေလေးတို့ လူကြီး ဖြစ်လာကြရင် ကိုယ်တိုင် လက်တွေ့ခံစားနားလည်ကြရပါလိမ့်မယ်။

**ချစ်စွာသော**

**ချစ်နိုင် ( စိတ်ပညာ )**

**မေတ္တာစမ်းရေ၊ ဇွန်လ ၊ ၂**

*

## ရောင်းနေကြသူချည်းပဲလေ

ချစ်သမီးမေလေး

ရွှင်လန်းချမ်းမြေ့ပါစေ

နိဒါန်းမချီဘဲ လိုရင်းကို တိုတိုတုတ်တုတ် ပြောလိုက်ရရင်တော့

၁။ လူတိုင်းဟာ ရောင်းနေကြရတဲ့ သဘောဆိုတော့ ပထမအချက် မြင်အောင် ကြည့်ပါ။ ဒီတော့ မိမိကိုယ်ကို အဖိုးတန်အောင် ကြိုးစားရမယ်ဆိုတာ သဘောပေါက်ပြီပေါ့။

လူကို ရောင်းတဲ့ ဝယ်တဲ့ သဘောနဲ့ ပြောရက်လေခြင်းလို့ စကား ရင့်သီးရာ ရောက်ခဲ့ရင် တောင်းပန်ပါတယ်။ နားဝင်ချိုအောင် ပြောဆိုဖို့ထက် ပေါ်လွင်ထင်ရှားပြီး နားရှင်းအောင် နားစွဲ အောင် ပြောမိတာပါ။ ရှင်ဘုရင်နဲ့ညားတော့ မိဖုရားဆိုတဲ့စကား ရှိတယ်။ ဘုရင်မင်းမြတ်က ချစ် ကြင်မြတ်နိုးတော်မူခြင်းကို ခံရလို့ စုလျားရစ်ပတ်တယ်ဆိုရင်တော့ မိဖုရား ဖြစ်ပြီပေါ့။ သူတောင်း စား နဲ့ ညားရင်တော့ ကယ်ပါပဲ ဖြစ်ပေလိမ့်မယ်။ ဒါက အိုးအိမ် ထူထောင်ကြတဲ့ ဘဝတွေရဲ့ ခြား နားမှုကို ဥပမာ ပြောတာပါ။

အကယ်၍ သာ သမီးဟာ ပါမောက္ခလောက် ပညာတွေ တတ်တယ် တော်တယ် ဆိုရင် ပါမောက္ခနေရာကို ရောက်မှာပေါ့ ။ ရမှာပေါ့။

အကယ်၍ သာ သမီးဟာ ကောက်စိုက်သမလောက်၊ သို့မဟုတ်

စက်ချုပ်သမားလောက် လုပ်တတ် ကိုင်တတ်တယ်ဆိုရင် ကောက်စိုက်သူ သော်လည်းကောင်း၊ စက်ချုပ်သူ သော်လည်း ကောင်း ဖြစ်ရပေမယ်။

ဈေးကွက်စီးပွားရေးရှုထောင့်က ကြည့်ကြစို့။

တန်ရာတန်ရာ နေရမယ် ။ ဒါပဲပေါ့။

ဘဂဇာတ်ခံမှာ ကိုယ်နဲ့ ထိုက်တန်တဲ့ အဆင့်အတန်း သတ်မှတ်ချက် နေရာမှာ ရပ်တည် ရမှာ မလွဲသေချာပဲ။

သမီးဟာ မင်းသမီးနဲ့ ထိုက်တန်ရင် မင်းသမီးနေရာ ကပြရလိမ့်မယ်။ ကုန်းရုပ်၊ မိန်းမကြမ်း အရည်အချင်းသာ ရှိခဲ့ရင် မင်းသမီး မဖြစ်ဘူး၊ Vamp (မြူဆွယ်တဲ့ မိန်းမ) ရင်လည်း လုပ်ချင် လုပ်ရမယ်။ Vixen (စိတ်နေသဘောထားဆိုး၍ ရန်လိုသော မိန်းမ) ရင်လည်း လုပ်ရမယ်။ ဇာတ်ရုပ်က မိန်းမဆိုး မိန်းမကြမ်း နေရာမျိုး ဖြစ်နိုင်တာပေါ့။

အေး ဒီတော့ မင်းသမီးဖြစ်အောင် ရုပ်လှရမယ်။ ရုပ်လှဖို့ ဆိုတော့ ဦးစွာ ပထမ စိတ်လှ ရမယ်။ စိတ်လှဖို့ဆိုတော့ စိတ်ရင်း စိတ်ထား ဖြူစင်မွန်မြတ်ရတယ် သမီး။ ဒါကအနှစ်သာရပဲ။ မပြီး သေးဘူး။ ပြောပုံ ဆိုပုံ၊ နေပုံ ထိုင်ပုံ ၊ ဝတ်ပုံ စားပုံ၊ အသွင်သဏ္ဍာန်နှင့် ဥပဓိရုပ်ကလည်း မင်းသမီး စတိုင်ရှိဖို့ လိုတာပေါ့။

စကပ်ဝတ်ဖို့ မဆိုလိုပါဘူး။

ဒေါက်ဖိနပ်စီးမှ လှမှာ မဟုတ်ပါဘူး။

မင်းသမီးလို တန်ဖိုးရှိတဲ့ နေရာကို ရောက်ချင်ရင် (အများသူငါ လူတကာက မင်းသမီး အဖြစ် အသိအမှတ်ပြုခြင်းကို ဝယ်တယ်လို့ တင်စားတာပါ ) မင်းသမီးရဲ့ အသွင်ဟန်ပန်ရော အရည်အချင်းတို့ပါ သမီးမှာ ပြည့်စုံရမှာပေါ့။ ပရိသတ်ကို လေးစားနားလည်ရမယ်။

၂။ မည်သည့် ရောင်းကုန်ပစ္စည်းမဆို ဈေးကွက်၏ ဝယ်လိုအားပေါ်

မှုတည်၍ တန်ဖိုး အနိမ့်အမြင့် ဖြစ်ပေါ်သည်။ စားသုံးသူ ပြည်သူလူထု၏ အမြင်သဘောထား၊ လေးစားချစ်ခင် နှစ် သက်အောင် အရေးကြီးသည်။ ဒီအချက်ကို ဒုတိယနားလည်ရမယ်။

ဒါဟာ ပတ်ဝန်းကျင်ရဲ့ အမြင်လည်း ဆိုချင်ဆိုပေ့ါ။ ပြည်သူလူထုရဲ့ သဘောထားလို့ ပြော ချင်လို့ပြော ။

Public Opinion တဲ့။

ပရိသတ်ရဲ့ မေတ္တာကိုရရင် တန်ဖိုးရှိတယ်။

စားသုံးသူက အော့ကြောလန်နေရင်တော့ သိုးချင်သိုး၊ မှိုတက်ချင် တက်၊ ပုပ်ချင်ပုပ် ၊ ဆွေးချင်ဆွေး၊ ဘယ်သူကမျှ ဝယ်ယူအားပေးမှာ မဟုတ်ဘူး။

၃။ စားသုံးသူ ပြည်သူအများရဲ့ မေတ္တာစေတနာနဲ့ အသိအမှတ် ပြုမှုကို ရရှိအောင် နာမည် ကောင်းလိုတယ်။ နာမည်ကျော်ချင်ကျော် ၊ မကျော်ချင်နေ အမှတ်တံဆိပ်အနေနဲ့ ကောင်းတယ်။ တော်တယ်၊ ရိုးသားတယ် ၊ စေတနာ ပြည့်ဝတယ်။ အရည်အသွေး မြင့်တယ်ဆိုတဲ့ လူထုက သိ မှတ် လက်ခံတာကို ရဖို့လိုတယ်။

ဒါကို အကျယ်ရှင်းပြရရင် အများကြီးပဲ ပြောစရာ ရှိတယ်။ အများထုရဲ့ ယုံကြည်လက်ခံ လာအောင် ဆောင်ရွက်ဖို့ဟာ အရေးကြီးတယ်။ စားသုံးသူတွေရဲ့ အမြင်ကို စူးစမ်း နားလည်ဖို့ လို တယ် (Consumer Survey ) သုတေသန လုပ်ဖို့လုပ်တယ်။ ဘယ်လိုအရည်အသွေးတွေကို အခြေအနေက တောင်းဆိုသလဲ။

အဲဒီ လို လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့သူဟာ ဈေးကွက်မှာ နေရာအကျယ်ဆုံး လွှမ်းမိုး ချုပ်ကိုင်နိုင်တာပဲ။

ကမ္ဘာနဲ့ ချီပြီး ပစ္စည်းတစ်ခုကို နမူနာကြည့်ကြရအောင်နော်။ မော်တော်ဆိုင်ကယ်ဆိုပါစို့။

၁၉၆၀၊-၇၀ ကာလဆီက မော်တော်ဆိုင်ကယ် ဝယ်ကြသူတွေဟာ ဘာကို ရွေးကြသလဲ။ အထူးမေးမနေနဲ့။ အင်္ဂလန်က ထုတ်လုပ်တဲ့ Triumph ထရမ့် ဖြစ်စေ ၊ BSA ဘီအက်စ်အေ ဖြစ်စေ၊ Royal Enfield ရွိုင်ယယ် အင်ဖီးလ် ဖြစ်စေ ဝယ်မှာပဲ ။ ဒါတွေက အကောင်းဆုံးလေ။

၁၉၈၀၊-၉၀ ကာလ ကျတော့ မော်တော်ဆိုင်ကယ် တစ်စီး ဝယ်မယ်ဆိုရင် ဘာကို ဝယ်မလဲ။ ဆူဇူကီး Suzuki လား။ Yamaha ယာမာဟာလား ။ Honda ဟွန်ဒါလား။ ဂျပန်လုပ် ဆိုင်ကယ် တစ်ခုခုပဲပေါ့။ ထရမ့်တို့ ဘီအက်စ်အေ တို့ ခေတ် မရှိတော့ဘူးလေ။

(မျက်မှောက်ခေတ် မြန်မာပြည် အနေနဲ့တော့ ဘယ်နိုင်ငံက ဘာတံဆိပ် မော်တော် ဆိုင်ကယ်တွေ လှိမ့်ဝင်ပြီး နေရာရနေသလဲ ဦးဦးမသိဘူး၊ ထားတော့ )

ပေ့ါပါးသွက်လက်ပြီး ဆီစားသက်သာရမယ်။ ကိုင်တွယ် မောင်းနှင်ရတာ လွယ်ကူရမယ်။ ဒီ တော့ အင်္ဂျင်အား ကောင်းပေမယ့် လေးလံကြီးမားတဲ့ ပုံစံမျိုးတွေဟာ ဈေးကွက်မှာ ခေတ်ကုန် သွားတယ်။ တစ်ကမ္ဘာလုံးရဲ့ ဈေးကွက်မှာ ဘေးရောက်သွားတယ်။ နာမည်ရဲ့ ဂုဏ်သတင်းကို အရေးပါပုံ တွေ့ပြီနော်။

၄။ နောက်ဆုံးနိဂုံးချုပ်ချင်တာက ရောင်းကုန်တစ်ခုရဲ့ အရေးကြီးတဲ့အချက်ဟာ အချို့ ယူဆသလို အပေါ်ယံအသွင်အပြင် Packing Material မဟုတ်ပါဘူး။ လိုအပ်တာ မှန်ပေမယ့် အဓိက မကျလှဘူးကွဲ့။ တကယ့်အစစ်အမှန်က (အဆုံးအဖြတ်ပေးတဲ့ အချက်ဟာ) အရည်အသွေး Quality သာဖြစ်ပါတယ် မေလေး။ သမီးရဲ့ နေရာ ၊ သမီးရဲ့ အဆင့်အတန်း၊ သမီးရဲ့တန်ဖိုးကို ဆုံးဖြတ်ခံရမှာကတော့ “အရည်အသွေး” ပေါ် မူတည်တယ်နော်။ ဒါပါပဲ။

**ချစ်စွာသော**

**ချစ်နိုင် ( စိတ်ပညာ )**

*